
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၃၆/၂၀၂၃ )


## (၄.၁၀.၂၀၂၃ မှ ၁၀.၁၀.၂၀၂၃ ထိ )

၁။ **ပြည်တွင်း၊ ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ်၊ မိုးစပါးစိုက်ပျိုးရန်လျာထားဧက (၁၄.၉၈၇) သန်းအပေါ် ၃၀.၉.၂၀၂၃ ရက်နေ့ထိ ဧက (၁၄.၉၀၅) သန်း (၉၉%) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(**၀.၁၂၆**) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၇၉.၄၉) တင်း ဖြင့် အထွက် တင်း(**၁၀.၀၃၃**)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၆.၀၀ ဟက်တာသန်း **(ဧက ၄၁၀.၀၂ သန်း)**၊ အထွက် နှုန်းတစ်ဟက်တာ ၄.၆၆ မက်တန် **(၂၂၃.၂၆ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၁၈.၀၈ သန်း **(စပါးတင်း ၂၄၈၂၁.၂၁ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုးသစ်) | ၁၅၅၀၀၀၀ | ၁၅၅၀၀၀၀ | မနောသုခ(မိုးသစ်) | ၅၉၀၀၀ | ၅၉၀၀၀ |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၈၆၇၀၀၀ | ↓ ၁၇၆၆၀၀၀ | ဧည့်မထ(မိုး) | ၇၂၀၀၀ | ↓ ၆၉၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၈၄၀၀၀ | ↓ ၁၆၂၈၀၀၀ | ဧည့်မထ(နွေသစ်) | ၆၇၀၀၀ | ၆၇၀၀၀ |
| (ဂ ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၇၀၂၀၀၀ | ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၆၈၀၀၀ | ၆၈၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၀၀၀၀၀ | ၁၆၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၃၀၀၀ | ၆၃၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၇၀၀၀၀၀ | ၁၇၀၀၀၀၀ | ဧည့်မထ(မိုး) | ၆၈၀၀၀ | ၆၈၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၅၀၀၀၀၀ | ၁၅၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၃၀၀၀ | ၆၃၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၅၀၀၀၀၀ | ၂၅၀၀၀၀၀ | ဧည့်မထ(မိုး) | ၉၆၀၀၀ | ၉၆၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၂၀၀၀၀၀၀ | ၂၀၀၀၀၀၀ | ဧည့်မထ(မိုး) | ၈၆၀၀၀ | ၈၆၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | | | ဧည့်မထ(နွေသစ်) | ၆၈၀၀၀ | ၆၈၀၀၀ |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | | | ရေမင်း(မိုး) | ၁၃၀၀၀၀ | ၁၃၀၀၀၀ |
| | | | ရွှေဝါထွန်း(နွေသစ်) | ၁၉၀၀၀၀၀ | ၁၉၀၀၀၀၀ | ရွှေဝါထွန်း(နွေသစ်) | ၈၀၀၀၀ | ၈၀၀၀၀ |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၈၂၀၀၀၀ | ၁၈၂၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၇၅၀၀၀ | ၇၅၀၀၀ |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၁၈၅၀၀၀၀ | ၁၈၅၀၀၀၀ | ဇီယာ(မိုး) | ၇၀၀၀၀ | ↑ ၇၂၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ညှော်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၄၀၀၀၀
၁၂၀၀၀၀
၁၀၀၀၀၀
၈၀၀၀၀
၆၀၀၀၀
၄၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၈.၉.၂၄ | ၂၅.၉.၂၄ | ၂.၁၀.၂၄ | ၉.၁၀.၂၄ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၃၅ | ၆၅၄ | ၆၂၀ | ၆၁၁ |
| | | White Rice ၅% | ၆၂၀ | ၆၁၂ | ၆၀၈ | ၅၉၇ |
| | | White Rice ၂၅% | ၅၈၉ | ၅၈၀ | ၅၇၆ | ၅၆၆ |
| | | Parboiled Rice ၁၀၀% | ၆၂၄ | ၆၁၅ | ၆၁၀ | ၆၀၀ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၆၃၂ | ၆၂၂ | ၆၁၇ | ၆၁၇ |
| | | White Rice ၂၅% | ၆၁၇ | ၆၀၇ | ၆၀၂ | ၆၀၂ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၆၁၂ | ၆၁၂ | ၆၀၂ | ၅၉၂ |
| | | White Rice ၂၅% | ၅၄၂ | ၅၄၂ | ၅၄၂ | ၅၂၂ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | - | - | - | - |
| (င) | မြန်မာ | White Rice ၅% | ၅၉၀-၆၀၀ | ၅၉၀-၆၀၀ | ၅၈၀-၅၉၀ | ၅၇၅-၅၈၅ |
| | | White Rice ၁၀% | ၅၈၀-၅၉၀ | ၅၈၀-၅၉၀ | ၅၇၀-၅၈၀ | ၅၆၅-၅၇၅ |
| | | White Rice ၁၅% | ၅၇၀-၅၈၀ | ၅၇၀-၅၈၀ | ၅၆၅-၅၇၀ | ၅၆၀-၅၆၅ |
| | | White Rice ၂၅% | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ | ၅၅၀-၅၅၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၉.၁၀.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၂.၆၅၄) သန်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၆၇.၅၉၅) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၂၉.၉.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၂၂၅၈၂၁)၊ တန်ဘိုး (၁၁၂.၇၇၀) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ `ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၅၁၆၇၈၅)၊ တန်ဘိုး (၁၈၉.၄၈၅) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၂၉၁၉၆၃)၊ တန်ဘိုး (၇၆.၇၁၅) USD သန်း လျော့နည်းတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၅၆၀ USD ဖြစ်သော်လည်း Earning ဈေး ၂၅၁၆ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေး နှုန်းမှာ ၅၅၅ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဘတ်ငွေတန်ဖိုးကျဆင်းလာသော်လည်း ထိုင်းဆန်ဝယ်လက်နိုင်ငံများ ဝယ်အားနည်းသဖြင့် ပို့ကုန်ဆန်ဈေးနှုန်းများကျဆင်းလာပါသည်။ ဗီယက်နမ်နိုင်ငံတွင် တရုတ်နိုင်ငံသို့ ဆန်တိုးမြှင့်တင်ပို့ရန်ကြိုးစားနေသော်လည်း ဆန်ဈေးနှုန်းများမြင့်မားနေ၍ အရောင်းအဝယ်အေးနေပြီး ပို့ကုန်ဆန်ဈေးနှုန်းများ ဈေးငြိမ်နေပါသည်။ ပြည်တွင်းစပါး၊ ဆန်ဈေးကွက်၌ ပုသိမ်တွင် မြို့နယ်အချို့မှာ မိုးစပါးသစ်များ စတင်ထွက်ရှိလာပြီဖြစ်သဖြင့် အရောင်းအဝယ်အေးနေပြီး စပါး၊ ဆန် ဈေးနှုန်းများကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ မော်လမြိုင်တွင် ဈေးကွက်သို့ ဆန်ဝင်ရောက်မှုနည်းပြီး ဒေသတွင်းစားသုံးရန် ဝယ်လိုအားရှိသဖြင့် ဆန်ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ကျန်မြို့နယ်များတွင် အရောင်းအဝယ်ပုံမှန်ရှိနေပြီး စပါး၊ ဆန် ဈေးနှုန်းများ တည်ငြိမ်နေကြောင်းသိရှိရပါသည်။